# မန္တလေးတိုင်းဒေသကြီး

# ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံဥပဒေ

**မာတိကာ**


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | နိဒါန်း | ၁ | - |
| ၂ | အခန်း(၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၃ |
| ၃ | အခန်း(၂) ရည်ရွယ်ချက်များ | ၃ | - |
| ၄ | အခန်း(၃) ရုပ်ရှင်ရုံနှင့်ဗွီဒီယိုရုံဆိုင်ရာ စိစစ်ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း | ၃ | ၄ |
| ၅ | အခန်း(၄) ကော်မတီ၏ လုပ်ငန်းတာဝန်များ | ၄ | ၅ |
| ၆ | အခန်း(၅) ရုပ်ရှင်ရုံနှင့် ဗွီဒီယိုရုံလိုင်စင် | ၅ | ၆ |
| ၇ | အခန်း(၆) ရုပ်ရှင်ရုံနှင့် ဗွီဒီယိုရုံလုပ်ငန်းများအတွက် လိုက်နာရန် | ၆ | ၇ |
| | စည်းကမ်းများ | ၇ | ၈ |
| ၈ | အခန်း(၇) စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း | ၈ | - |
| ၉ | အခန်း(၈) စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း | ၈ | - |
| ၁၀ | အခန်း(၉) အယူခံဝင်ခြင်း | ၉ | - |
| ၁၁ | အခန်း(၁၀) တားမြစ်ချက်များ | ၉ | ၁၀ |
| ၁၂ | အခန်း(၁၁) ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၁၀ | ၁၁ |
| ၁၃ | အခန်း(၁၂) အထွေထွေ | ၁၁ | - |

# မန္တလေးတိုင်းဒေသကြီး ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံဥပဒေ

( ၂၀၁၄ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၇။ )

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

## နိဒါန်း

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီး ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြန်ကြားရေးဝန်ကြီးဌာနကို တာဝန်ယူရသည့် တိုင်းဒေသကြီး ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းရပ်များကို ဆောင်ရွက်ရန် (မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့က သတ်မှတ်သော) ပြန်ကြားရေးဝန်ကြီးဌာနကို တာဝန်ယူ ရသည့် တိုင်းဒေသကြီးဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံဆိုင်ရာ စိစစ် ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(စ) **ရုပ်ရှင်** ဆိုသည်မှာ ရုပ်ရှင်နည်းပညာတစ်ရပ်ရပ်ဖြင့် ရုပ်ငြိမ်ကိုဖြစ်စေ၊ ရုပ်ပုံလှုပ်ရှား ခြင်းကိုဖြစ်စေ၊ ရုပ်ပုံနှင့် အသံကိုဖြစ်စေ ထွက်ပေါ်စေခြင်းနှင့် ထိုကဲ့သို့ ထွက်ပေါ် စေရန်အတွက် အသုံးပြုသော စက်နှင့် ကိရိယာကို ဆိုသည်။

(ဆ) **ရုပ်ရှင်ကား** ဆိုသည်မှာ ရုပ်ရှင်အဖြစ် ရိုက်ကူးထုတ်လုပ်သော ဇာတ်လမ်းကား၊ မှတ်တမ်းတင်ကား၊ မော်ကွန်းတင်ကား၊ သတင်းကား၊ ဖျော်ဖြေရေးကား သို့မဟုတ် ပညာပေးကားကိုဆိုသည်။

(ဇ) **ရုပ်ရှင်ဆင်ဆာလက်မှတ်** ဆိုသည်မှာ ရုပ်ရှင်ဆင်ဆာအဖွဲ့က ထုတ်ပေးသည့် အများပြည်သူအား ရုပ်ရှင်ကားပြသခွင့်ပြုသည့် လက်မှတ်ကို ဆိုသည်။

(ဈ) **ရုပ်ရှင်လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ရုပ်ရှင်လုပ်ငန်းအမျိုးအစား တစ်ခုခုကို လုပ်ကိုင်ခွင့်ပြုသည့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ရုပ်ရှင်လုပ်ငန်းမှ ထုတ်ပေးသော လိုင်စင်ကို ဆိုသည်။

(ည) **ရုပ်ရှင်ရုံ** ဆိုသည်မှာ ရုပ်ရှင်ပြသသည့် အဆောက်အဦ၊ အိမ်နှင့် အခြားနေရာ တစ်ခုခုကို ဆိုသည်။

(ဋ) **နိုင်ငံပိုင်နှစ်ရှည်ငှားရုပ်ရှင်ရုံ** ဆိုသည်မှာ နိုင်ငံတော်ပိုင်ရုပ်ရှင်ရုံအား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ နှစ်ရှည်ငှားရမ်းထားသော ရုပ်ရှင်ရုံကို ဆိုသည်။

(ဌ) **အပြီးရောင်းရုပ်ရှင်ရုံ** ဆိုသည်မှာ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍ မြင့်မားရေးကို ရည်ရွယ်၍လည်းကောင်း၊ ဖျော်ဖြေရေးလုပ်ငန်းများအား ပုဂ္ဂလိကလုပ်ငန်းရှင်များမှ လွတ်လပ်စွာ လုပ်ကိုင်နိုင်ရေးကို ရည်ရွယ်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အပြီးအပိုင်ရောင်းချပြီးသော ရုပ်ရှင်ရုံများကို ဆိုသည်။

(ဍ) **ပုဂ္ဂလိကရုပ်ရှင်ရုံ** ဆိုသည်မှာ မိရိုးဖလာအရဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အစီအစဉ်ဖြင့် ရုပ်ရှင်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ရန်ရည်ရွယ်၍ တည်ဆောက်ထားသော ရုပ်ရှင်ရုံကို ဆိုသည်။

(ဎ) **ရုပ်ရှင်ရုံလိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ရုပ်ရှင်ရုံအတွက် ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ဏ) **ဗီဒီယို**ဆိုသည်မှာ ရုပ်မြင်သံကြားဆိုင်ရာ နည်းပညာတစ်ရပ်ရပ်ဖြင့် ရုပ်ငြိမ်ကိုဖြစ်စေ၊ ရုပ်ပုံလှုပ်ရှား ခြင်းကိုဖြစ်စေ၊ ရုပ်ပုံနှင့်အသံကိုဖြစ်စေ ထွက်ပေါ်စေခြင်းကို ဆိုသည်။

(တ) **ဗီဒီယိုရုံ** ဆိုသည်မှာ ဗီဒီယိုပြသသည့် အဆောက်အဦ၊ အိမ်နှင့် အခြားနေရာတစ်ခုခုကို ဆိုသည်။

(ထ) **ဗီဒီယိုရုံလိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ဗီဒီယိုရုံအတွက်ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ဒ) **ဦးစီးဌာနမှူး** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး၊ ရုပ်ရှင်လုပ်ငန်းတွင် တာဝန်ထမ်းဆောင်နေသည့် မန္တလေးတိုင်းဒေသကြီး ရုပ်ရှင်လုပ်ငန်း၏ တာဝန်ခံအရာရှိကို ဆိုသည်။

(ဓ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဝန်ကြီးက စစ်ဆေးရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်သည့် အဖွဲ့ကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏ မူဘောင်နှင့်အညီ ခေတ်မီရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံများကို တစ်ဦးတည်းဖြစ်စေ၊ အများနှင့်ဖြစ်စေ ပူးပေါင်းအကောင်အထည်ဖော် တည်ဆောက်ရန်၊

(ခ) ပုဂ္ဂလိကပိုင်နှင့် နိုင်ငံတော်ထံမှ ငှားရမ်းလုပ်ကိုင်နေသည့် ရုပ်ရှင်ရုံများကို အသံစနစ်၊ ပြသမှု စနစ်များဖြင့် ခေတ်မီအောင်ပြုပြင်တည်ဆောက်ရန်၊

(ဂ) နိုင်ငံတကာအဆင့်မီ Cinema Complex များ၊ Digital Cinema ရုပ်ရှင်ရုံများ ပေါ်ထွန်းလာစေရန်၊

(ဃ) နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးတို့ကို အကျိုးပြုစေမည့် မြန်မာ့ရုပ်ရှင်ကားများ ပေါ်ထွန်းလာစေရေးကို အထောက်အကူပြုမည့် အဆင့်မြင့်ရုပ်ရှင်ရုံများ ပေါ်ထွန်းလာစေရန်၊

(င) မန္တလေးတိုင်းဒေသကြီးအတွင်း အဆင့်မီရုပ်ရှင်ရုံ၊ ဗီဒီယိုရုံများ ပေါ်ထွန်းလာစေရန်၊

(စ) အများပြည်သူ စိတ်ချမ်းမြေ့စွာ အနားယူအပန်းဖြေနိုင်ရန်။

## အခန်း(၃)

## ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံဆိုင်ရာ စိစစ်ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း

၄။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ခံဝန်ကြီးဌာနသည် -

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော မန္တလေးတိုင်းဒေသကြီးရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံများဆိုင်ရာ စိစစ်ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | အတွင်းရေးမှူး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (၃) | ရုပ်ရှင်နှင့် ဗီဒီယိုကျွမ်းကျင်ပညာရှင် | အဖွဲ့ဝင် |

(၄) ဒုတိယညွှန်ကြားရေးမှူး အတွင်းရေးမှူး
မန္တလေးတိုင်းဒေသကြီး၊ ရုပ်ရှင်လုပ်ငန်း

(ခ) ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံဆိုင်ရာ စိစစ်ကြီးကြပ်ရေးကော်မတီ၏ သက်တမ်းကို သက်မှတ်နိုင်သည်။

(ဂ) ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံဆိုင်ရာ စိစစ်ကြီးကြပ်ရေးကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဃ) ကော်မတီသည် လိုအပ်ပါက မြို့နယ်ကော်မတီများအား အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည် -

(၁) မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဥက္ကဋ္ဌ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၂) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ အဖွဲ့ဝင်
ကိုယ်စားလှယ်များ

(၃) ရုပ်ရှင်နှင့်ဗီဒီယို ကျွမ်းကျင်ပညာရှင် အဖွဲ့ဝင်

(၄) မြို့နယ်ဦးစီးမှူး၊ ပြန်ကြားရေးနှင့် အတွင်းရေးမှူး
ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

## အခန်း(၄)

## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သောမူဝါဒများချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလိုင်စင် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ/မရှိ စိစစ်ခြင်း၊

(ဂ) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလိုင်စင်များ ထုတ်ပေးခြင်း၊ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက ငြင်းပယ်ခြင်း၊

(ဃ) ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလိုင်စင်သက်တမ်း၊ လိုင်စင်ရက်လွန်ကြေး၊ သက်တမ်းတိုးမြှင့်ခတို့ကို သတ်မှတ်ခြင်း၊

(င) သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်စေ၍ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလိုင်စင် သက်တမ်းများ တိုးမြှင့်ပေးခြင်း၊

(စ) မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း၊

## အခန်း(၅)

## ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလိုင်စင်

၆။ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလိုင်စင်ရယူလိုသူသည် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၇။ ကော်မတီသည်-

(က) ရုပ်ရှင်ရုံ သို့မဟုတ် ဗီဒီယိုရုံလိုင်စင် လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိ/မရှိ စိစစ်ရမည်။

(ခ) ရုပ်ရှင်ရုံ သို့မဟုတ် ဗီဒီယိုရုံလိုင်စင် ထုတ်မပေးမီသက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်း၏ သဘောထားမှတ်ချက် တောင်းခံရမည်။

(ဂ) သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက ရုပ်ရှင်ရုံ သို့မဟုတ် ဗီဒီယိုရုံလိုင်စင်များကို ထုတ်ပေးရမည်။

၈။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ သက်တမ်းလိုင်စင်ခ၊ ရက်လွန်ကြေးနှင့် သက်တမ်းတိုးမြှင့်ခတို့ကို သတ်မှတ်ပေးရသည်။

၉။ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံ လိုင်စင်သက်တမ်းကုန်ဆုံးသဖြင့် သက်တမ်းတိုးမြှင့်လိုသူသည် -

(က) သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့လျှောက်ထားရမည်။

(ခ) ကော်မတီသည် သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်စေ၍ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံ လိုင်စင်သက်တမ်းကို တိုးမြှင့်ပေးနိုင်သည်။

၁၀။ ကော်မတီသည် -

(က) ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံ လိုင်စင်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သော ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံလိုင်စင်ရရှိသူအား ဒဏ်ကြေးငွေ အနည်းဆုံး ကျပ်တစ်သိန်းမှ

အများဆုံး ကျပ်ငါးသိန်းအထိ ချမှတ်ရမည်။ ထို့ပြင် ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံ လိုင်စင်ကို လည်း ရုပ်သိမ်းနိုင်သည်။

၁၁။ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ လိုင်စင်သက်တမ်း ကုန်ဆုံးလျှင်ဖြစ်စေ၊ ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ လိုင်စင်ရရှိသူက ပြန်လည်အပ်နှံလျှင်ဖြစ်စေ အဆိုပါ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလိုင်စင် ပျက်ပြယ်သည်။

## အခန်း(၆)

## ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလုပ်ငန်းများအတွက် လိုက်နာရန်စည်းကမ်းများ

၁၂။ ရုပ်ရှင်ရုံ သို့မဟုတ် ဗီဒီယိုရုံလိုင်စင်ရရှိသူသည် အောက်ပါတစ်ရပ်ရပ်တွင် အကျုံးဝင်သော ရုပ်ရှင်ကားနှင့် ဗီဒီယိုကားတို့ကို ပြသခြင်းမပြုရ -

(က) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး၊ တိုင်းရင်းသားလူမျိုး အချင်းချင်းနှင့် အခြား ဘာသာများအား ထိခိုက်နစ်နာစေမည့် အကြောင်းအရာများ ဖော်ပြခြင်း၊

(ခ) တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန်နှင့် ဆူပူအကြမ်းဖက်မှု ဖြစ်ပွားစေရန် လှုံ့ဆော်ခြင်း၊

(ဂ) မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့စရိုက်ကို ပျက်ပြားစေမည့် အမူအကျင့်များကို ဖော်ပြခြင်း၊

(ဃ) ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်း တို့ကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်း၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများအရ ပြဋ္ဌာန်းချက်များကို ဆန့်ကျင် ဖောက်ဖျက်ရာရောက်သည့် အပြောအဆိုများ ပါဝင်ခြင်း၊

(စ) မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနမှ တရားဝင်ခွင့်ပြုထားသည့် ရုပ်ရှင်ဆင်ဆာ လက်မှတ်မပါရှိသည့် ရုပ်ရှင်ကားများ၊

(ဆ) မန္တလေးတိုင်းဒေသကြီး၊ ရုပ်ရှင်လုပ်ငန်းမှ တရားဝင်ခွင့်ပြုထားသည့် ရုပ်ရှင်ရုံ လိုင်စင် ရရှိပြီးသော ရုပ်ရှင်ရုံဖြစ်ရမည်၊

(ဇ) ရုပ်ရှင်ရုံလုပ်ငန်းလိုင်စင် ရယူဆောင်ရွက်နေသော လုပ်ငန်းရှင်များသည် တည်ဆဲ ရုပ်ရှင်ဥပဒေများကို လေးစားလိုက်နာရမည်။

(ဈ) ဗီဒီယိုရုံပြသရေးလိုင်စင် ရယူဆောင်ရွက်နေသော လုပ်ငန်းရှင်များသည် တည်ဆဲရုပ်မြင်သံကြား နှင့် ဗီဒီယိုဥပဒေများကို လေးစားလိုက်နာရမည်။

(ည) ဗီဒီယိုလုပ်ငန်းလိုင်စင်နှင့် ဗီဒီယိုဆင်ဆာလက်မှတ်အသေး မပါရှိသည့် ဗီဒီယိုဇာတ်ကားများ၊

(ဋ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ထုတ်လွှင့်သော ရုပ်မြင်သံကြား အစီအစဉ်ကို စီးပွားရေး အလို့ငှာ ကူးယူပြသခြင်း။

၁၃။ ရုပ်ရှင်ရုံ သို့မဟုတ် ဗီဒီယိုရုံလိုင်စင် ရရှိသူသည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

## **အခန်း(၇)**

## **စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁၄။ ဝန်ကြီးသည် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ် နိုင်သည်။

၁၅။ စစ်ဆေးရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ တည်ရှိရာနေရာသည် ပတ်ဝန်းကျင်ဒေသနှင့် သင့်လျော်ခြင်း ရှိ/မရှိ စိစစ်ခြင်း၊

(ခ) ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ အဆောက်အဦ၏ အမျိုးအစားနှင့် အကျယ်အဝန်းသည် ရုပ်ရှင်နှင့် ဗီဒီယိုပြသရန် သင့်လျော်သည့်အနေအထား ရှိ/မရှိ စိစစ်ခြင်း၊

(ဂ) ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံသည် သေသပ်ခိုင်ခန့်ခြင်း ရှိ/မရှိ စိစစ်ခြင်း၊

(ဃ) ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံသည် သန့်ရှင်းသပ်ရပ်မှုနှင့် အခင်းအကျင်း ကောင်းမွန်မှု ရှိ/မရှိ စိစစ်ခြင်း၊

(င) အရေးပေါ်အခြေအနေ ပေါ်ပေါက်ပါက ရုံပြင်ပသို့ အလွယ်တကူထွက်နိုင်သည့် အခြေအနေ ရှိ/မရှိ စိစစ်ခြင်း၊

(စ) အသုံးအဆောင်များ၊ ရုပ်ရှင်ပြစက်၊ ဗီဒီယိုအပေါ်စက်၊ အောက်စက် စသည့် ကိရိယာများ၏ အခြေအနေ သင့်လျော်ကောင်းမွန်ခြင်း ရှိ/မရှိ စိစစ်ခြင်း။

## အခန်း(၈)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၆။ ဤဥပဒေအရထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်းတွေ့ရှိပါက ကော်မတီသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ခွင့်ပြုထားသောလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး လုပ်ငန်းအား ဆက်လက် လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) လိုင်စင်ကို ပယ်ဖျက်ခြင်း။

၁၇။ ကော်မတီသည် ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်သော လိုင်စင်ရရှိသူအား ပုဒ်မ ၁၆ ပါ စီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် စီမံခန့်ခွဲရေးပြစ်ဒဏ် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း(၉)

## အယူခံဝင်ခြင်း

၁၈။ ကော်မတီ၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း အစိုးရအဖွဲ့သို့ အယူခံဝင်နိုင်သည်။

၁၉။ အစိုးရအဖွဲ့သည် အယူခံခြင်းနှင့် စပ်လျဉ်း၍ ကော်မတီ၏ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကို ဖြစ်စေ၊ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ပြန်လည်စိစစ်စေရန် သို့မဟုတ် စစ်ဆေးစေရန် ညွှန်ကြားခြင်း ပြုနိုင်သည်။

၂၀။ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၁၀)

## တားမြစ်ချက်များ

၂၁။ မည်သူမျှ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ လိုင်စင်မရှိဘဲ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံတည်ထောင် ဖွင့်လှစ်ဆောင်ရွက်ခြင်း မပြုရ။

၂၂။ မည်သူမျှ မိမိရရှိထားသော ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလိုင်စင်ကို ခွင့်ပြုချက်မရရှိဘဲ အခြားသူတစ်ဦးအား လွှဲပြောင်းလုပ်ကိုင် ဆောင်ရွက်စေခြင်း မပြုရ။

၂၃။ မည်သူမျှ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံကို ပညာပေးခြင်း၊ ပြန်ကြားပေးခြင်း၊ ဖျော်ဖြေပေးခြင်း စသည်တို့ကို ဆောင်ရွက်ခြင်းမှအပ အခြားနည်းသုံးစွဲခြင်း မပြုရ။

၂၄။ မည်သူမျှ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ လိုင်စင်မရှိဘဲ ရုပ်ရှင်ပြသခြင်းနှင့် ဗီဒီယိုပြသခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

၂၅။ မည်သူမျှ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုလုပ်ထားစဉ်ကာလအတွင်း ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလုပ်ငန်းအား ဆက်လက်လုပ်ကိုင်ခြင်း မပြုရ။

၂၆။ မည်သူမျှ ဤဥပဒေအရပြုလုပ်သည့် နည်းဥပဒေများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

၂၇။ မည်သူမျှ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်၏ ဆုံးဖြတ်ချက်များအရ ပုဂ္ဂလိကသို့ ရောင်းချလွှဲပြောင်းပြီး **"မူလရုပ်ရှင်ပြသခြင်းလုပ်ငန်း အပါအဝင် အခြားလုပ်ငန်းများကို ဆောင်ရွက်ရန်"** စာချုပ်နှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာပါ အပြီးရောင်းရုပ်ရှင်ရုံများသည် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်၏ အမိန့်တစ်စုံတစ်ရာမရရှိဘဲ တစ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ ဖြိုချဖျက်ပစ်ခြင်း၊ လုပ်ငန်း ပြောင်းလဲလုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

## အခန်း(၁၁)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၈။ မည်သူမဆို ပုဒ်မ ၂၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၂)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ငါးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၂၉။ မည်သူမဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၂)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ငါးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၀။ မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ထိုသူကို ထောင်ဒဏ် (၁)နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ်သုံးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ယင်းပြစ်မှုကို ဆက်လက် ကျူးလွန်ပါက တစ်ရက်လျှင် ငွေဒဏ် ကျပ်သုံးသောင်း ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက် သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၁။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၁)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် သုံးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်ပါက တစ်ရက်လျှင် ငွေဒဏ် ကျပ်သုံးသောင်း ချမှတ်ရမည်။

၃၂။ မည်သူမဆို ပုဒ်မ ၂၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၁)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် သုံးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက် သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၃။ မည်သူမဆို ပုဒ်မ ၂၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၁)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်သုံးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၄။ မည်သူမဆို ပုဒ်မ ၂၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၂)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ငါးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ရုပ်ရှင်ရုံမြေဧရိယာပေါ်ရှိ ရုပ်ရှင်ရုံပါ အဆောက်အဦနှင့် ဆက်စပ်ပစ္စည်းများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

## အခန်း(၁၂)
## အထွေထွေ

၃၅။ ကော်မတီသည် ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလုပ်ငန်းတစ်ခုခုအတွက် လိုင်စင်လျှောက်ထားခြင်း၊ အခကြေးငွေ ပေးဆောင်ခြင်းတို့နှင့် စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုအား ကင်းလွတ်ခွင့်ပြုနိုင်သည်။

၃၆။ ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နေသူသည် ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ ရက်ပေါင်း (၉၀)အတွင်း လိုအပ်သော လိုင်စင်ရယူရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၃၇။ ဤဥပဒေမတိုင်မီ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံများနှင့် စပ်လျဉ်းပြီး ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၈။ ဤဥပဒေပုဒ်မ ၂၈၊ ၂၉၊ ၃၀၊ ၃၁ နှင့် ၃၂တို့အရ တရားစွဲဆိုသောပြစ်မှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၃၉။ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူသည် မိမိလက်ဝယ်ရှိသော ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံနှင့် စပ်လျဉ်း၍ ကော်မတီက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၄၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီး သို့မဟုတ် တိုင်းဒေသကြီးဦးစီးမှူးတို့သည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ရဲမြင့်

ဝန်ကြီးချုပ်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့